# ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၂၀)၊ အမှတ် (၆)

၂၀၂၅ ခုနှစ်၊ ဇွန်လ (၁) ရက်


## ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ





ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး **H.E. Ms. Ma Jia** (မစ္စမာကျား) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ၃၀-၅-၂၀၂၅ ရက်နေ့၊ ၁၁ ၀၀ အချိန်တွင် နေပြည်တော်၊ ရုံးအမှတ်(၃၈)ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ထွန်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် အဆင့်မြင့်အရာရှိကြီးများမှလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Ms. Ma Jia** နှင့်အတူ သံရုံးတာဝန်ရှိသူများမှလည်းကောင်း ပါဝင်တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများသို့ တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ကာ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့မှုများ၊ ငလျင်ဒဏ်ကြောင့်ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ၊ ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ထောက်ပံ့ပေးနေမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် တရုတ်နိုင်ငံမှ ထောက်ပံ့ပေးနေမှုအခြေအနေများ၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အွန်လိုင်းလောင်းကစားများနှင့် ဆက်သွယ်ရေးလိမ်လည်မှုများအပါအဝင် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုခင်းများအား တားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

---

**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြား၍ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ယာယီနေရာချထားရေးအတွက် စီစဉ်ဆောင်ရွက်ပေး**

စာ(၂)သို့

**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်**

စာ(၃)သို့

**(၁၃) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး**

**( 13th ASEANAPOL Training Cooperation Meeting -13th ATCM)**

စာ(၄)သို့

## ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြား၍ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ယာယီနေရာချထားရေးအတွက် စီစဉ်ဆောင်ရွက်ပေး



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ၃-၄-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဝန်ကြီးရုံး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြား၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များလိုက်ပါလျက် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက်အတွင်းရှိ တိုက်အမှတ်(၃၃၅၂)အနီးနှင့် ဉာဏသိဒ္ဓိဓမ္မာရုံတို့တွင် ယာယီ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၂၃၁ စုနှင့် ပုဗ္ဗသီရိမြို့နယ်၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနစုတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၃၅ စု၊ စုစုပေါင်း အိမ်ထောင်စု ၂၆၆ စုတို့အား သွားရောက်တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ ငလျင်ဒဏ်သင့် အိမ်ထောင်စုတစ်ခုချင်းစီအတွက် ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ၊ ရေသန့်၊ ဓာတ်ဆား၊ ကိတ်ခြောက်၊ တာရှည်ခံစားသောက်ကုန်ပစ္စည်းများနှင့် သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာ၊ ဂွမ်းထုပ်စသည့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ သွားရောက်တွေ့ဆုံအားပေးစဉ် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်သင့်နေရာများမှ ယာယီပြောင်းရွှေ့နေထိုင်မည့်နေရာများသို့ ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ပစ္စည်းများ ပြောင်းရွှေ့ရာတွင် စနစ်တကျဖြစ်စေရေး ကူညီသယ်ယူပို့ဆောင်ပေးနေမှုအခြေအနေများ၊ လုံခြုံမှုရှိစေရေး၊ သောက်ရေနှင့် သုံးရေရရှိရေး၊ ဆက်သွယ်မှု မပြတ်တောက်စေရေးနှင့် ယာယီရွှေ့ပြောင်းနေထိုင်မည့်နေရာများတွင် နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးရေးတို့နှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် မိသားစုဝင်များအား ပြောင်းရွှေ့နေထိုင်နိုင်ရေး ယာယီဘာရှာအဆောက်အအုံများဆောက်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေး



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ၁၆-၄-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် တင်ကိုကိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဝန်ကြီးရုံး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့် မိသားစုဝင်များ ပြောင်းရွှေ့နေထိုင်နိုင်ရေး ယာယီဘာရှာအဆောက်အအုံများ ဆောက်လုပ်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲဝင်းအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့် မိသားစုများ ပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် ဆောက်လုပ်လျက်ရှိသည့် ယာယီဘာရှာအဆောက်အအုံများ ဆောက်လုပ်နေမှု အခြေအနေများနှင့် ဆက်လက်ဆောက်လုပ်မည့်လျာထားမြေနေရာများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ယာယီဘာရှာအဆောက်အအုံများတွင် နေထိုင်ကြမည့် ဝန်ထမ်းနှင့် မိသားစုများအတွက် ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျဆောင်ရွက်ပေးရန်၊ အဆောက်အအုံများပတ်လည်တွင် ရေမဝပ်စေရေး ရေနုတ်မြောင်းများ ဆောင်ရွက်ရန်၊ လျှပ်စစ်မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး မီးအားထိန်းစနစ်များ ထည့်သွင်းတပ်ဆင်သွားရန်၊ တည်ဆောက်ရေးလုပ်ငန်းများအား မေလမကုန်မီ ပြီးစီးနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက် ကုံကော်အိမ်ရာသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုအတွင်း ကြီးမားသောပျက်စီးဆုံးရှုံးမှုများမရှိဘဲ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့များ၏ ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်းများ ပြီးစီးပြီး ပြန်လည်နေထိုင်ခွင့်ပြုသည့် တိုက်အမှတ်(၂၁၁)နှင့် (၂၁၆) နေအိမ်အဆောက်အဦများအတွင်း အသေးစိတ်ဝင်ရောက် ကြည့်ရှုစစ်ဆေးကာ အဆိုပါအဆောက်အဦများ၌ ပြန်လည်နေထိုင်လျက်ရှိသည့် ဝန်ထမ်းနှင့်မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး လတ်တလောကာလအတွင်း မြို့တော်စည်ပင်မှပေးပို့သည့် သုံးရေမရရှိမီ ရေသုံးစွဲမှုအဆင်ပြေစေရေးအတွက် ဌာနပိုင်ရေသယ်ယာဉ်များဖြင့် နေ့စဉ်တစ်နေ့လျှင် နှစ်ကြိမ်နှုန်း အဆောက်အဦအနီးရှိ ရေလှောင်ကန်များသို့ ရေဖြည့်သွင်းပေးရန်၊ လျှပ်စစ်မီးလိုင်းများအား သေချာစွာပြန်လည်စစ်ဆေး၍ လိုအပ်ပါက အမြန်ပြုပြင်ပေးရန်နှင့် အဆောက်အဦများအတွင်း အသေးစားထိခိုက်ပျက်စီးမှုများအား ဌာနအစီအစဉ်ဖြင့် ပြုပြင်ဆောင်ရွက်ပေးရန်တို့အား မှာကြားကာ ဝန်ထမ်းနှင့် မိသားစုများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်





ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၁၂၁/၂၀၂၄)၊ ရဲသီဟတပ်ခွဲ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ၉-၅-၂၀၂၅ ရက်နေ့ ၀၇၃၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တက်ရောက်၍ သင်တန်းဆင်းဂုဏ်ပြု အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြပြီး ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း သူရိန်လင်းထက်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဆန်းထူးနိုင်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နန်းဆောင်းချယ်ရီဖွေး၊ အင်္ဂလိပ်ဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း မြိုင်သီတာ၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဆန်းထူးနိုင်တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းဂုဏ်ပြု အမှာစကားပြောကြားရာတွင် စိတ်ဓာတ် စည်းကမ်းကောင်းမွန်ပြီး ခံယူချက်၊ ယုံကြည်ချက်ပြည့်ဝ၍ ကျန်းမာကြံ့ခိုင်သော၊ မျိုးချစ်စိတ်ဓာတ်နှင့် စွမ်းရည်ပြည့်ဝခေတ်မီသည့် ရဲအရာရှိငယ်များ ဖြစ်လာစေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဒုတိယရဲအုပ်များအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ပြီး ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရမည့် တပ်ဖွဲ့ဝင်များအနေဖြင့် သင်တန်းကာလအတွင်း သင်ကြားပို့ချပေးခဲ့သည့် ဥပဒေပညာ၊ ရဲလုပ်ငန်းအတတ်ပညာ၊ စစ်ပညာများနှင့် ခေါင်းဆောင်မှုပညာများကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာအသုံးချသွားရန် မိမိကိုယ်တိုင် စံပြဖြစ်အောင် နေထိုင်ကျင့်ကြံပြီး ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားရန်နှင့် ပေးအပ်သည့်ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တပ်မတော်၊ နယ်မြေခံပြည်သူ့စစ်များ၊ လုံခြုံရေးအဖွဲ့များ၊ သက်ဆိုင်ရာဒေသခံပြည်သူလူထုများနှင့် လက်တွဲကာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားနေသည့် နေရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိအောင် ဆောင်ရွက်လျက်ရှိပြီး ကျောင်းဆင်းကြမည့် ဒုတိယရဲအုပ်များအနေဖြင့် နောင်တော်ရဲတပ်ဖွဲ့ဝင်များနည်းတူ ပြည်သူကို အလုပ်အကျွေးပြုပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်မြဲရေးအတွက် အသက်ပေးကာကွယ်စောင့်ရှောက်တတ်သော ရဲတပ်ဖွဲ့ဝင်များအဖြစ်ခံယူကာ မိမိတို့ကျရာတာဝန်များကို ဦးလည်မသုန်ထမ်းဆောင်သွားကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် ၄ ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက် သွားကြရမည်ဖြစ်ပြီး ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် နောင်တော်တပ်မတော်နှင့်အတူလက်တွဲ၍ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များအား အောင်မြင်အောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသည့် မှုခင်းဖြစ်ရပ်မှန်ကိုဖော်ထုတ်ပြီး ကျူးလွန်သူအပေါ် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အထောက်အထားပြည့်စုံစွာဖြင့် တရားစွဲတင်နိုင်ရေး အလေးအနက်ထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မှုခင်းကျဆင်းရေးအတွက် ပြည်သူလူထုအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းအသိပညာပေးခြင်း လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော လူနေမှုဘဝများကို ဆိုးရွားစွာ ထိခိုက်နစ်နာစေသည့် ဘက်ပေါင်းစုံစိန်ခေါ်မှုတစ်ရပ်အဖြစ် ပေါ်လွင်ထင်ရှားလျက်ရှိသောကြောင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသည့် လုပ်ငန်းအစီအစဉ်များကိုချမှတ်ပြီး အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကာ

**စာမျက်နှာ (၁၅) သို့**



## ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော် နှစ်(၈၀)ပြည့် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများက နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်မှုအား ကြည့်ရှုအားပေး



၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများက ၂၂-၃-၂၀၂၅ ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်(၁)နှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ မိုးခိုင်နှင့် ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့်ဝန်ထမ်း အင်အား (၁၁၃၀) ဦးတို့နှင့်အတူ ကျန်းမားရေးဝန်ကြီးဌာနမှ ဝန်ထမ်းအင်အား (၁၀၀)ဦး စုစုပေါင်း အင်အား (၁၂၃၀)ဦးတို့က ဆေးရုံကြီးဝင်း အတွင်း/အပြင်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ ဆေးကုသဆောင်နှင့် အဆောက်အဦများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များအား ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အဦးများဘေး ထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများအား အမြင်တင့်တယ်စေရေး၊ လေဝင်လေထွက် ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ဖယ်ရှားရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်သည့် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများကို စားသောက်ဖွယ်ရာများဖြင့် ညှော်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

## (၁၃) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေး
## ( 13th ASEANAPOL Training Cooperation Meeting -13th ATCM)







(၁၃) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေး(**13th ASEANAPOL Training Cooperation Meeting - 13th ATCM**)ကို ၁၉-၅-၂၀၂၅ ရက်နေ့မှ ၂၀-၅-၂၀၂၅ ရက်နေ့အထိ ရန်ကုန်မြို့ရှိ **Jasmine Palace** ဟိုတယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့ရာ ၁၉-၅-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၃) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ လေ့ကျင့်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေး(**13th ATCM**) ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ရာ မြန်မာနိုင်ငံအပါအဝင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံ ၅ နိုင်ငံ (အင်ဒိုနီးရှား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်)၊ အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် လေ့လာဖက်အဖွဲ့အစည်းဖြစ်သည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (**ICRC**) တို့မှ ကိုယ်စားလှယ်များက လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ ကျန်အာဆီယံအဖွဲ့ဝင် ၅ နိုင်ငံ ( ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူ)၊ ဆွေးနွေးဖက် ၂ နိုင်ငံ(နယူးဇီလန်၊ **UK**)နှင့် လေ့လာဖက် ၃ နိုင်ငံ (အာဂျင်တီးနား၊ ကနေဒါ၊ အာရပ်စော်ဘွားများပြည်ထောင်စု) တို့မှ ကိုယ်စားလှယ်များက **Online** မှတစ်ဆင့် လည်းကောင်း စုစုပေါင်း ၄၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး အထက်ဖော်ပြပါ အစည်းအဝေးတွင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံရဲအဖွဲ့၏ ဆွေးနွေးဖက်နှင့် လေ့လာဖက်နိုင်ငံ/အဖွဲ့အစည်းများက စီစဉ်ပေးမည့်သင်တန်းများ၊ လေ့ကျင့်မှုအစီအစဉ်များအပြင် **Online** မှတစ်ဆင့် လိမ်လည်မှုများ (**Online Scams**) တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

## (၇)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ မှုခင်းသိပ္ပံကွန်ယက် (7th APFSN) အစည်းအဝေးကျင်းပ






(၇)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ မှုခင်းသိပ္ပံကွန်ယက်အစည်းအဝေး (7th ASEAN Police Forensic Science Network Meeting- 7th APFSN )ကို ရန်ကုန်မြို့၊ Jasmine Palace Hotel တွင် ၂၉-၄-၂၀၂၅ ရက်နေ့မှ ၃၀-၄-၂၀၂၅ ရက်နေ့အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါသည်။ (၇)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ မှုခင်းသိပ္ပံကွန်ယက်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် (၁) ရဲဗိုလ်ချုပ် တင်ကိုကို က ဂုဏ်ထူးဆောင် ဧည့်သည်တော်အဖြစ် တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားကာ အစည်းအဝေးကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံရဲအဖွဲ့ (ASEANAPOL) အဖွဲ့ဝင်နိုင်ငံများ ဖြစ်သော ဘရူနိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံးအပါအဝင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးပထမနေ့တွင် တက်ရောက်လာကြသော အာဆီယံရဲအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများအလိုက် ကိုယ်စားလှယ်များက မှုခင်းသိပ္ပံ(Forensic Science) နယ်ပယ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဘေးအန္တရာယ်ဒဏ်ခံရသူများအားဖော်ထုတ်ခြင်း (Disaster Victim Identification- DVI )နှင့် အခင်းဖြစ်ရပ်စုံစမ်းစစ်ဆေးခြင်း(Crime Scene Investigation- CSI ) အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများကိုဆွေးနွေးခဲ့ကြပြီး အစည်းအဝေး၏ ဒုတိယမြောက်နေ့တွင် အစည်းအဝေးမှတ်တမ်းကို ဆွေးနွေးအတည်ပြု၍ တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြပြီး အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

## ရဲအကြပ်ငယ်(အမျိုးသမီး) သင်တန်းအမှတ်စဉ်(၁၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ





အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းတွင် ၁၇-၃-၂၀၂၅ ရက်နေ့မှ ၁၆-၅-၂၀၂၅ ရက်နေ့အထိ (ရက်သတ္တပတ် ၉ ပတ်) ဖွင့်လှစ်မည့် ရဲအကြပ်ငယ်(အမျိုးသမီး) သင်တန်းအမှတ်စဉ်(၁၁/၂၀၂၅)၏ သင်တန်းဖွင့်ပွဲအခမ်းအနားအား ၁၇-၃-၂၀၂၅ ရက်နေ့ ၀၈၀၀ အချိန်မှ ၀၈၃၀ အချိန်အထိ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းရှိ အဝေးရောခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကျောင်းအုပ်ကြီး ရဲမှူးကြီး ဥက္ကာကို တက်ရောက်၍ သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး အခမ်းအနားသို့ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်၊ အုပ်ချုပ်ရေးဌာနခွဲမှူး၊ ဌာနခွဲမှူးများ၊ သင်တန်းမှူးများနှင့် နည်းပြအရာရှိများ ပေါင်း ၅၇ ဦး၊ သင်တန်းသူ ၉၇ ဦး၊ စုစုပေါင်း ၁၅၄ ဦး တက်ရောက်ခဲ့ပါသည်။


## ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ






၁၈-၃-၂၀၂၅ ရက်နေ့ ၀၉၃၀ အချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ရဲတပ်သားသစ်တိုးမြှင့် စုဆောင်းရေးနှင့် ပြန်နှုတ်ထွက်မှုမရှိစေရေး အလုပ်ရုံဆွေးနွေးပွဲအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကိုယ်စား၊ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် တင်ကိုကိုက တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီး (၂၈)ဦး၊ အလုပ်ရုံဆွေးနွေးပွဲတွင် ကြီးကြပ်သူ ရဲရေးဌာနကြီးမှ ရဲမှူးကြီး စိုးပိုင်ပါ တပ်ဖွဲ့ဝင်(၂၀)ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဌာနကြီးများ၊ တပ်ဖွဲ့များ၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ၊ ရဲလေ့ကျင့်ရေးကျောင်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်/ အထက်မြန်မာပြည်)တို့မှ ကိုယ်စားလှယ်ရဲအရာရှိ (၄၈)ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## PDF အမည်ခံအကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသည့် သားအမိ ၂ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး အကြမ်းဖက်သမား ၆ ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်သမား ၃ ဦးအား အသေဖမ်းဆီးရမိ



PDF အမည်ခံအကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများအား လက်နက်အားကိုးဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း၊ အကျပ်ကိုင်ခြိမ်းခြောက်၍ ငွေကြေးတောင်းခံခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများစသော လူသားချင်းမစာနာသည့် လူမဆန်သော အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများအား ကျူးလွန်လုပ်ဆောင်လျက်ရှိပါသည်။

ထိုသို့ကျူးလွန်လျက်ရှိရာ ၄-၅-၂၀၂၅ ရက်နေ့၊ ၁၃၀၀ အချိန်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ပုဏ္ဏာမီလမ်းနေ မနိုနိုဦးလွင် (၃၃)နှစ်သည် ၎င်း၏နေအိမ်နှင့် တွဲလျက်ဖွင့်လှစ်ထားသည့် **Blue Liquor House** ဆိုင်၌ မိသားစုဝင်များနှင့်အတူ ရှိနေစဉ် သေနတ်အတိုများကိုင်ဆောင်ထားသည့် **PDF** အမည်ခံ အကြမ်းဖက်သမား ၃ ဦး(စိစစ်ဆဲ)သည် ဆိုင်ကယ် ၃ စီးဖြင့် ရောက်ရှိလာပြီး မနိုနိုဦးလွင်နှင့် ၎င်း၏သားဖြစ်သူ မောင်လင်္ကာ(၃)နှစ်တို့ ၂ ဦးအား သေနတ်ပြ ခြိမ်းခြောက်ကာ ဆိုင်ကယ်များဖြင့်တင်ဆောင်၍ နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၈)၊ ကွမ်းခြံသို့ ပြန်ပေးဆွဲ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။

ထိုသို့ အပြစ်မဲ့ပြည်သူ ၂ ဦးအား အကြမ်းဖက်သမားများက ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းရလျှင်ရခြင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်ခဲ့ရာ ယင်းနေ့ ၁၆၃၀ အချိန်တွင် ပြန်ပေးဆွဲမှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူများဖြစ်ကြသော နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၈)နေ သက်အောင်ဖြိုး (ခ)ကောင်းကင်၊ (၂၃)နှစ်၊ (ဘ)ဦးအောင်လင်းအားလည်းကောင်း၊ ယင်းနေ့ ၂၂၃၅ အချိန်တွင် ကောင်းရှင်းသန့် (ခ) ပေါက်စိ(၁၇)နှစ်၊ (ဘ)ဦးအောင်နိုင်ဝင်း၊ ဇင်မင်းထွန်း(ခ)ကိုမင်း၊ (၃၁)နှစ်၊ (ဘ)ဦးသန်းထွန်းနှင့် ရောင်နီဦး (ခ)ကတုံး (ခ) ရကောက်၊ (၂၆)နှစ်၊ (ဘ)ဦးအောင်ဆန်းတို့ ၃ ဦးအား နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၈)၊ ကွမ်းခြံအစပ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လင်္ကာတို့ ၂ ဦးအား ကွမ်းခြံအစပ်နှင့် မြို့ရှောင်လမ်းကြားတွင်ရှိသော သနပ်ခါးခြံအလယ်ရှိ ၎င်းတို့၏ အကြမ်းဖက်စခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ အဆိုပါစခန်း၌ အကြမ်းဖက်အဖွဲ့ဝင်များမှ စောင့်ကြပ်လျက်ရှိကြောင်း သတင်းဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖွဲ့ငယ်များခွဲ၍ တိတ်တဆိတ်ဝင်ရောက်ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်စဉ် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားများဖြစ်ကြသည့် ငထူး၊ ချိုကြီးနှင့် ပိုလီယိုတို့ ၃ ဦးအား လက်လုပ်သေနတ် ၂ လက်၊ ကျည်အချို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦးတွင် ကျည်ထိမှန်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကာ မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လင်္ကာတို့အား ဘေးန္တရာယ်ကင်းရှင်းစွာ ကယ်တင်နိုင်ခဲ့ပါသည်။



ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေအား ပိတ်ဆို့ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ရာ ၅-၅-၂၀၂၅ ရက်နေ့ ၀၂၄၅ အချိန်တွင် အဆိုပါရပ်ကွက်၊ သုဗောဓာရုံကျောင်းလမ်း လမ်းသွယ်အရောက်၌ မုံရွာမြို့၊ မြို့သစ်ရပ်ကွက်နေ ဇင်ကိုလင်း(ခ) သားချော(၃၃)နှစ်၊ (ဘ)ဦးအောင်ကျော်သန်းနှင့် စက်မှုဇုန်ရပ်ကွက်နေ ကျော်စိုးသူ(၃၃)နှစ်၊ (ဘ)ဦးကျော်မျိုးညွန့်တို့ ၂ ဦးအား **MG-1** လက်ပစ်ဗုံး ၁ လုံး၊ ကျည်ကာအင်္ကျီ ၁ ထည်၊ ဆိုင်ကယ် ၁ စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး စစ်ကြောဖော်ထုတ်ချက်အရ သက်အောင်ဖြိုး(ခ) ကောင်းကင်၏ နေအိမ်အရှေ့ မြေကြီးအတွင်းမှ ဆာလာအိတ်ဖြင့်ပတ်၍ မြှုပ်နှံထားသည့် **MA-2** သေနတ် ၁ လက်၊ ဘောက်ဝိုင်း ၁ ခု၊ ၎င်းကျည် ၄၆ တောင့်၊ လက်လုပ်သေနတ် ၂ လက် (ကျည်အိမ်တပ်လျက်)၊ ၎င်းကျည် ၄ တောင့်၊ **91** လက်ပစ်ဗုံး ၁ လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရရှိခဲ့ပါသည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့မှုကြောင့် **PDF** အကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးချုပ်နှောင်ခြင်းခံထားရသည့် မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လင်္ကာတို့ ၂ ဦးအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးချုပ်နှောင်အကျပ်ကိုင်ကာ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းများပြုလုပ်လျက်ရှိသည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၌ တိတ်ရှိန်ရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၁,၂၀၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံ (၂၀) ကျပ်သား လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား ၄ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

၂၃-၃-၂၀၂၅ ရက်နေ့ ၀၈၄၅ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ (၂၉)လမ်းနှင့် (၃၀)လမ်းကြား၊ မဟာဗန္ဓုလလမ်းပေါ်ရှိ တိတ်ရှိန် ရွှေဆိုင်၌ ဆိုင်ပိုင်ရှင်၏သမီးဖြစ်သူ မမြတ်သဉ္ဇာမိုး (၂၃)နှစ်သည် ဆိုင်ဝန်ထမ်းအမျိုးသမီး ၇ ဦးတို့နှင့်အတူရှိနေစဉ် **Mask** များတပ်ဆင်ထားသည့် အမျိုးသား ၄ ဦး (စိစစ်ဆဲ)သည် ဆိုင်အတွင်းဝင်ရောက်လာပြီး ၎င်းတို့ ၄ ဦးအနက် ၁ ဦးက သေနတ်အတို ၁ လက်အား ကိုင်ဆောင်ကာ သေနတ်ပြ ခြိမ်းခြောက်ပြီး မှန်ကောင်တာအတွင်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ (၂၀)ကျပ်သားခန့် (တန်ဖိုးငွေကျပ်သိန်း ၁၂၀၀ ခန့်)အား လုယက်ယူဆောင် ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သတင်းအရ ပန်းဘဲတန်းမြို့မရဲစခန်း၌ (ပ)၃၉/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၉၂ ဖြင့် အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ အခင်းဖြစ်ပတ်ဝန်းကျင်ရှိ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုယက်မှုကျူးလွန်သူ တရားခံများသည် **YGN-42 AA-1938** နံပါတ်တပ်ဆင်ထားသည့်

စာမျက်နှာ (၇) သို့

## မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၌ ငွေကျပ်သိန်း ၄,၃၅၄ တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေများအား ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး၊ သက်သေခံပစ္စည်းများ သိုဝှက်သိမ်းဆည်းပေးသူ တရားခံအမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

၁၈-၄-၂၀၂၅ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၇၀ လမ်းနှင့် ၇၁ လမ်းကြား၊ ၃၂ (B) လမ်းရှိ (၇) လွှာတိုက်ခန်း မြေညီထပ်၊ အခန်းအမှတ်(B-1) နေ ဒေါ်ခင်ဖြူမြင့် (၄၇)နှစ်၊ (ဘ) ဦးကိုကိုသည် ၎င်း၏နေအိမ်တိုက်ခန်းအတွင်းရှိ အထပ်ခိုးပေါ်၌ သိမ်းဆည်းထားသည့် ပီနံအိတ်အတွင်း ထည့်ထားသော ငွေကျပ်သိန်း ၂၀၀၀ နှင့် ကျောပိုးအိတ်အတွင်း ထည့်ထားသော ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ်သိန်း ၂၃၅၄၊ စုစုပေါင်းငွေနှင့် ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ်သိန်း ၄,၃၅၄ မှာ ပျောက်ဆုံးနေကြောင်း တိုင်တန်းချက်အရ ချမ်းအေးသာဇံမြို့နယ်၊ အမှတ်(၃)နယ်မြေရဲစခန်း (ပ) ၆၄/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၈၀ ဖြင့် အမှုဖွင့်လှစ်၍ပြစ်မှု ကျူးလွန်သူတရားခံအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူတရားခံအား ဖမ်းဆီးရမိနိုင်ရေး သတင်းရယူစုံစမ်းခြင်းများဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူတရားခံ လွင်ကိုဦး(၂၇)နှစ် (ဘ)ဦးအောင်ကို၏ နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ လက်ပံကျေးရွာရှိ နေအိမ်အား ၂၆-၄-၂၀၂၅ ရက်နေ့တွင် ဝင်ရောက်ဖမ်းဆီးရှာဖွေခဲ့ရာ လွင်ကိုဦး၏ဇနီးဖြစ်သူ သင်းသင်းစိုး(၂၆)နှစ် (ဘ)ဦးမြင့်နိုင်အား တွေ့ရှိရပြီး ထွက်ချက်အရ ၂၉-၄-၂၀၂၅ ရက်နေ့တွင် လွင်ကိုဦး ပြစ်မှုကျူးလွန်ရရှိသည့်ငွေဖြင့် တပ်ကုန်းမြို့၌ KENBO 125 အနက်ရောင်ဆိုင်ကယ်တစ်စီးအား ဝယ်ယူခဲ့ကြောင်း ကျန်ခိုးရာပါ ငွေများနှင့် ရွှေထည်ပစ္စည်းများအား ဆာလာအိတ်ဖြင့်ထုပ်၍ လက်ပံကျေးရွာရှိ နေအိမ်သို့ယူဆောင်လာခဲ့ပြီး ၂၁-၄-၂၀၂၅ ရက်နေ့တွင် သင်းသင်းစိုး၏ ဖခင်ဖြစ်သူ မြင့်နိုင်၊ ညီမဖြစ်သူ ဖြိုးဖြိုး၊ ခဲအိုဖြစ်သူ ကျော်ကျော်ခိုင်(ခ) ကျော်ခိုင်တို့နှင့်အတူ ကျေးရွာ၏အနောက်ဘက် ၁ မိုင်အကွာရှိ တောင်ကုန်းပေါ်၌ ကျင်းတူး၍ မြှုပ်နှံသိုဝှက်သိမ်းဆည်းထားခဲ့ကြောင်း စစ်ဆေးသိရှိရပြီး သင်းသင်းစိုး၏ ထွက်ဆိုချက်အရ ၂၆-၄-၂၀၂၅ ရက်နေ့တွင် သက်သေခံငွေကျပ်သိန်း ၁၄၀၀ နှင့် အလေးချိန် ၉ ကျပ် ၁၀ ပဲ ၅ ရွေးအလေးချိန်ရှိ ရွှေထည်ပစ္စည်းမျိုးစုံတို့အား သိမ်းဆည်းရမိခဲ့ပါသည်။

ပြစ်မှုကျူးလွန်သူ လွင်ကိုဦးအား ၂၇-၄-၂၀၂၅ ရက်နေ့ ၁၆၃၀ အချိန်၌ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူကျေးရွာရှိ စိန်လျှံတည်းခိုခန်း၊ အခန်းအမှတ်(H-3)တွင် ရှာဖွေဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ သက်သေခံငွေ ၁၂၇ သိန်းကျပ်၊ အလေးချိန် ၃ကျပ်



၃ ပဲ ၃ ရွေးရှိ ရွှေထည်ပစ္စည်းမျိုးစုံ၊ **KENBO** အမျိုးအစား အနက်ရောင်ဆိုင်ကယ် တစ်စီး၊ လွင်ကိုဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ လွင်ကိုဦးဓာတ်ပုံကပ်ထားသော မျိုးသူအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ လက်ကိုင်ဖုန်းမျိုးစုံ ၅ လုံးတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

တရားခံ လွင်ကိုဦး၏ထွက်ဆိုချက်အရ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလခန့်မှစတင် မန္တလေးမြို့ပေါ်တွင် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခု၌ အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ၁၈-၄-၂၀၂၅ ရက်နေ့ ၀၈၀၀ အချိန်တွင် ၎င်းအလုပ်လုပ်ကိုင်သည့် နေရာအနီးရှိ (၇)လွှာတိုက်ခန်း မြေညီထပ်၊ အခန်းအမှတ်(B-1) ၏ အခန်းအတွင်းသို့ ဝင်ရောက်ကာ ငွေနှင့် ရွှေထည်ပစ္စည်းများအား ခိုးယူခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တပ်ကုန်းမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့် ပြန်လာကာ ဇနီးဖြစ်သူအား ငွေနှင့်ရွှေထည်ပစ္စည်းများအား သိုဝှက်သိမ်းဆည်းထားခိုင်းခဲ့ဖြစ်ကြောင်း သိရှိရပါသည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်းဝင်ရောက်ကာ ငွေနှင့်ရွှေထည်ပစ္စည်းများအား ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံ လွင်ကိုဦးနှင့် သက်သေခံပစ္စည်းများအား သိုဝှက်သိမ်းဆည်းပေးခဲ့သူများဖြစ်ကြသည့် တရားခံ သင်းသင်းစိုးပါ ၄ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၌ တိတ်ရှိန်ရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၁,၂၀၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံ (၂၀) ကျပ်သား လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား ၄ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ...မှ




**Toyota Corolla** အမျိုးအစား အဖြူရောင်အငှားယာဉ်ဖြင့် ပန်းဆိုးတန်းလမ်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်းသိရှိရသဖြင့် အဆိုပါအငှားယာဉ်အား စုံစမ်းရှာဖွေခဲ့ရာ ၁၁၀၀ အချိန်တွင် လမ်းမတော်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ ဝါးတန်းလမ်းနှင့် အနော်ရထာလမ်းဆုံတွင် ယာဉ်နှင့်အတူ ယာဉ်မောင်းဖြစ်သူ စည်သူကျော် (၄၃)နှစ်အား တွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ ခေါ်ယူစစ်ဆေးခဲ့သည်။

ယာဉ်မောင်းဖြစ်သူ စည်သူကျော်၏ ထွက်ဆိုချက်အရ ၎င်းသည် လုယက်မှုကျူးလွန်သူ တရားခံများအား ကျောက်တံတားမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံသို့ ငွေ(၄,၀၀၀) ကျပ်ဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဆက်လက်စုံစမ်းဖော်ထုတ်စစ်ဆေးခဲ့ရာ ၁၄၁၅ အချိန်တွင် ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၁၁၄/၁၁၆) ရှိ အခန်းအမှတ်(၃၀၁)၌ တိတ်ရှိန်ရွှေဆိုင်အား လုယက်မှုကျူးလွန်သူ တရားခံများ ဖြစ်ကြသည့် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ပတ္တမြားရပ်ကွက်နေ လင်းသန့်အောင် (၁၈) နှစ်၊ (ဘ)ဦးသိန်းထွန်း၊ သထုံမြို့နယ်၊ ပေါ်တော်မူကျေးရွာနေ သက်ထူးဇင် (၂၀) နှစ် (ဘ) ဦးမောင်မျိုးဆက်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်နေ ကောင်းခန့်သူရ (ခ) ဝသုန် (၁၉)နှစ် (ဘ) ဦးကျော်သူရ၊ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ စစ်ဗိုလ်ကြီးကျေးရွာနေ မင်းခန့်ကို(ခ) ဖိုးကာ (၁၉) နှစ် (ဘ)ဦးနိုင်ထူးတို့ ၄ ဦးအား လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အနက်ရောင်ကော်သေနတ် (၁)လက်၊ သံဖြတ်လွှ (၃) ချောင်း၊ လုယက်မှုယူဆောင်ရာမှရရှိသည့် ရွှေလက်ကောက်မျိုးစုံ (၅၁) ကွင်း၊ ရွှေလက်စွပ်မျိုးစုံ (၃၇)ကွင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ လင်းသန့်အောင်ပါ ၄ ဦးအား ဆက်လက်စစ်ဆေးချက်အရ ၎င်းတို့ ၄ ဦးသည် ၂၀-၅-၂၀၂၅ ရက်နေ့တွင် **Casa Myanmar Hotel** သို့ ရောက်ရှိတည်းခိုခဲ့ပြီး ငွေကြေးလိုအပ်ချက်အရ မဟာဗန္ဓုလလမ်းပေါ်ရှိ ရွှေဆိုင်များအား လုယက်မှုကျူးလွန်ရန်အတွက် လိုက်လံ၍ အခြေအနေကြည့်ရှုခဲ့ကြောင်း၊ ထိုသို့ ကြည့်ရှုပြီးနောက် တိတ်ရှိန်ရွှေဆိုင်အား လုယက်မှုကျူးလွန်ရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လုယက်ရာတွင် အသုံးပြုခဲ့သည့် အနက်ရောင်ကော်သေနတ်အား ဆူးလေဘုရားအနီး၊ မဟာဗန္ဓုလလမ်းပေါ်ရှိ စတိုးဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းနှင့် လုယက်မှုကျူးလွန်ရာတွင် တရားခံ လင်းသန့်အောင်မှ အဆိုပါကော်သေနတ်အား ကိုင်ဆောင်အသုံးပြုကာ ဦးဆောင်၍ လုယက်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် တိတ်ရှိန်ရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်မှုကျူးလွန်ခဲ့သူများဖြစ်သည့် လင်းသန့်အောင်၊ ကောင်းခန့်သူရ (ခ) ဝသုန်၊ မင်းခန့်ကို (ခ) ဖိုးကာနှင့် သက်ထူးဇင် တို့ ၄ ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖြစ်စဉ်ဖြစ်ပွားသည့်အချိန်မှ ၆ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ၇၁ ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပ



၁၂-၄-၂၀၂၅ ရက်နေ့၊ ၁၆၀၀ အချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်၌ သံဃာအပါး ၅၀၀ တို့အား ၇၁ ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့်ဇနီးသည် ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများဖြင့် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် နဝကမ္မအလှူငွေများလောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။

## အနာဂတ်အလင်းတန်း စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကျင်းပ



ရောဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ သုံးဆယ်ကျွန်းကျေးရွာ၌ ၂၇-၄-၂၀၂၅ ရက်နေ့၊ ၀၉၃၀ အချိန်တွင် အနာဂတ်အလင်းတန်း စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင် (ခရိုင်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပိုက်ဆံလျှော်မျိုးစေ့ စုပေါင်းကြဲပတ်ပွဲကျင်းပ

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ သဘော့ငူကျေးရွာအုပ်စု၌ ၂၀-၄-၂၀၂၅ ရက်နေ့၊ ၀၉၀၀ အချိန်တွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီမှ ကျင်းပပြုလုပ်သည့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီမြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော် မျိုးစေ့စုပေါင်းကြဲပတ်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင် (ခရိုင်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများဖြင့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## သက်ကြီးအဘိုး/အဘွားများ ပူဇော်ကန်တော့ပွဲအခမ်းအနားကျင်းပ

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်စုပေါင်းရုံး၊ မိုးညှင်းမြို့နယ်အစည်းအဝေးခန်းမ၌ ၁၇-၄-၂၀၂၅ ရက်နေ့၊ ၀၉၀၀ အချိန်တွင် မြို့ပေါ် ၅ ရပ်ကွက်ရှိ သက်ကြီးအဘိုး/အဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်(ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အဘိုး/အဘွားများ စုစုပေါင်းအင်အား ၁၂၀ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် အဘိုး/အဘွား ၅၀ ဦးတို့အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများဖြင့် ကန်တော့ခဲ့ပြီး အဘိုး/အဘွားများထံမှ ဆုတောင်းမေတ္တာပို့သမှုများကို ခံယူခဲ့ကြောင်း သတင်းရရှိပါသည်။



## မြဝတီမြို့၌ ပြည်နှင့်လွှဲပြောင်းမည့် နိုင်ငံခြားသားများ၏ ကိုယ်ရေးအချက်အလက်များ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေအား ကြီးကြပ်စစ်ဆေး





ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ မြဝတီမြို့၌ ၁၄-၅-၂၀၂၅ ရက်နေ့၊ ၀၈၀၀ အချိန်တွင် ပြည်နှင့်လွှဲပြောင်းမည့် တရားမဝင်နိုင်ငံခြားသားများကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေ့ရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းနိုင်ရေးအတွက် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းစံလင်း(ခရိုင်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဘိလပ်မြေအရောင်းဆိုင်များအား သတ်မှတ်ထားသော ရည်ညွှန်းစျေးနှုန်းအတိုင်း ရောင်းချမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင် (မြို့နယ်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဘိလပ်မြေစျေးနှုန်းစိစစ်ရေး အဖွဲ့တို့နှင့်အတူ ၄-၅-၂၀၂၅ ရက်နေ့၊ ၁၁၀၀ အချိန်တွင် မြို့နယ်အတွင်းရှိ ဘိလပ်မြေအရောင်းဆိုင်များအား သတ်မှတ်ထားသော ရည်ညွှန်းစျေးနှုန်းအတိုင်း ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။



## သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ကလေးဝတောရကျောင်း၌ ၁၇-၄-၂၀၂၅ ရက်နေ့၊ ၀၈၀၀ အချိန်တွင် သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွဋ်အောင် (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် သက်ကြီးဘိုးဘွား များအား ကွေကာအုပ်၊ ကြက်ဥနှင့် ငွေသားများလှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်၊ အ.ထ.က(ကျွန်းလှ)တွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန် Camp ဝင်ရောက်နေသည့် ကျောင်းသား/သူများအား ကြည့်ရှုအားပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းထွန်းသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ၆-၅-၂၀၂၅ ရက်နေ့၊ ၀၉၀၀ အချိန်တွင် ပျဉ်းမမြိုင်ရပ်ကွက်၊ အ.ထ.က(ကျွန်းလှ)စာဖြေဌာနတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန် Camp ဝင်ရောက်နေသည့် ကျောင်းသား/သူများ၊ ဆရာ/မများ၏ အတွင်း/အပြင် လုံခြုံရေးဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းသား/သူများအား အချိုရည်များ ဝေငှခြင်းနှင့် နေ့လယ်စာကျွေးမွေးခြင်းတို့တွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ဆည်းဆာရိပ်ငြိမ်ဘိုးဘွားရိပ်သာ၌ သက်ကြီး အဘိုး/အဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ




ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ ရပ်သစ်ကျေးရွာအုပ်စု၊ စမ်းကလေးကျေးရွာရှိ ဆည်းဆာရိပ်ငြိမ်ဘိုးဘွားရိပ်သာ၌ ၁၇-၄-၂၀၂၅ ရက်နေ့၊ ၀၈၀၀ အချိန်တွင် သက်ကြီးအဘိုး/အဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်သူဦး (မြို့နယ်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်အတူ တက်ရောက်ခဲ့ပြီး အဘိုး/အဘွားများအား ဆန်၊ ဆီနှင့် လှူဒါန်းငွေများ ပူဇော်ကန်တော့ခဲ့ကြောင်း သတင်းရရှိပါသည်။

## မန္တလေးတိုင်းဒေသကြီးတွင် အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သောနေရာများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

၆-၅-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ယန္တရားများနှင့် အတူ ရပ်အလောင်းကျန်ရှိနေသော မန္တလေးမြို့ Sky Villa အဆောက်အဦ(B) အဆောင်၊ (C)အဆောင်နှင့် (D)အဆောင်များအား ဖယ်ရှားရှင်းလင်းခြင်းနှင့် ရုပ်အလောင်း ထုတ်ယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ (B)အဆောင် အခန်းအမှတ်(၁၉)မှ ရှာဖွေတွေ့ရှိခဲ့သော မြန်မာငွေ ၈၃,၀၀၀,၀၀၀ိ/- အမေရိကန်ဒေါ်လာ ၁၀၀ တန် ၃၀၀ ရွက်၊ တရုတ်ငွေ ၅၀ တန် ၂ ရွက်၊ ၁၀ တန် ၆ ရွက်၊ ထိုင်းဘတ်ငွေ ၂၀ တန် ၇ ရွက်၊ ရွှေ ၁၀ ကျပ်သားတုံး ၇တုံး၊ ၁ ကျပ် ၄ ပဲတုံး ၂ တုံး၊ ၁ ကျပ် ၃ ပဲတုံး ၁တုံး၊ ရွှေဆွဲကြိုး ၃၀ ကုံး၊ လက်ကောက်+ဟန်းချိန်း ၂၆ ကုံး၊ လက်စွပ် ၃၅ ကွင်း၊ နားကပ် ၁၃ ရံ၊ ဆွဲသီး ၅ ခု၊ ကျောက်စိမ်းပန်းပု ၂ ခု၊ ပုလဲပုတီး ၂ ကုံး၊ ကျောက်စိမ်းပါလက်စွပ် ၁ ကွင်း၊ iphone ၁ လုံး၊ ipad ၁ လုံး၊ မှတ်ပုံတင် ၃ ခု၊ ဘဏ်စာအုပ် ၉ အုပ်၊ LV ပိုက်ဆံအိတ် ၁ လုံး၊ Dior Cosmetic ၁ ခုနှင့် အရေးကြီး စာရွက်စာတမ်းများအား ပစ္စည်းလက်ခံလွှဲပြောင်းရေးအဖွဲ့သို့ အပ်နှံခဲ့ပြီး ပိုင်ရှင်ထံသို့ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။




## (၇၉)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



၂၀၂၅ ခုနှစ်၊ မေလ(၅)ရက်နေ့တွင်ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် (၈၅)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် (၂၉)ဦးတို့က စုပေါင်းသွေးလှူဒါန်း ကြရာ သွေးလှူဒါန်းနေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးနှင့် တာဝန်ရှိသူများ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ အောင်လင်းအေး ဆေးရုံအုပ်ကြီး(ပူးတွဲ)တို့က သွေးလှူဒါန်းမှုအခြေနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က တပ်ဖွဲ့ဝင်တစ်ဦးလျှင် ကြက်ဥ (၁၀)လုံး၊ အားဖြည့်ရိက္ခာ(၄)မျိုးနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။ ထို့နောက် ဆေးရုံသန့်ရှင်းရေးအတွက် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် (၆၃၀)ဦးတို့ဖြင့် အဆင်မြင့် မီးသတ်စက်ယာဉ်ဖြင့် ဆေးရုံ၏ အမိုးများ၊ နံရံများပေါ်တွင် ပေါက်နေသောအပင်များ ရှင်းလင်းခြင်း၊ ရေမြောင်းများရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ခြင်း၊ ဆေးရုံကြီး အတွင်း/အပြင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



၂၀၂၅ ခုနှစ်၊ မေလ(၅)ရက်နေ့တွင်ကျရောက်မည့် (၇၉)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၊ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းတို့ ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်/အရန် မီးသတ်တပ်ဖွဲ့ဝင်(၃၄၀)ဦးတို့ဖြင့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ စန္ဒာမုနိဘုရားနှင့် အမရပူရမြို့နယ်ရှိ ရွှေကူကြီးဘုရားများတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပြိုကျပျက်စီးခဲ့သော အရန်စေတီတော်များအား ဖယ်ရှားရှင်းလင်းခြင်း၊ ဘုရားပြုပြင်ထိန်းသိမ်းရန် အလှူငွေများ လှူဒါန်းခြင်းတို့အား ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။


## အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁၈/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



မီးသတ်ဦးစီးဌာနတွင် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁၈/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၁၂-၅-၂၀၂၅ ရက်နေ့၊ နံနက် ၀၉:၀၀ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ် သီတာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို ၁၂-၅-၂၀၂၅ ရက်နေ့မှ ၁-၈-၂၀၂၅ ရက်နေ့အထိ ရက်သတ္တ(၁၂)ပတ်ကြာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသား (၆၀)ဦး ဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးများ၊ ခရိုင်မီးသတ်ဦးစီးမှူးများ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကြာအင်းရပ်ကွက်၊ ရှမ်းရွာ(င)လမ်း၊ နေအိမ်ရှိ ရေတွင်းအတွင်း၌ အောက်ဆီဂျင်ပြတ်၍ သတိလစ်မေ့မြောမှုဖြစ်




၃-၅-၂၀၂၅ ရက်နေ့၊ ၁၁ ၀၀ အချိန်ခန့်၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ကြာအင်းရပ်ကွက် ရှမ်းရွာ(င)လမ်း၊ နေအိမ်ရှိ ရေတွင်းအတွင်း ရေတွင်းငွေဆင်းချရာမှ ကျား(၃)ဦး၊ အောက်ဆီဂျင်ပြတ်၍သတိမေ့မြောနေကြောင်း သတင်းရရှိသဖြင့် မော်လမြိုင်မြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျား(၁)ဦးအား အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့ပြီး ကျား(၂)ဦးသေဆုံးအား လူမှုကူညီရေးအသင်းယာဉ်များဖြင့် မော်လမြိုင်ပြည်သူ့ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်



အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မြို့သစ်ရပ်ကွက်ရှိ မရှိခဏစေတီတော်ကြီး ပြိုကျသည့်နေရာအား စစ်ကိုင်းမြို့နယ် မီးသတ်စခန်းနှင့် မြင်းမူမြို့နယ် မီးသတ်စခန်းတို့မှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရှာဖွေတွေ့ရှိသော လက်ဝတ်ရတနာများ၊ ကျောက်အမျိုးမျိုးနှင့် ပုလဲဓါတ်တော်တို့အား ဘုရားဂေါပက ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

## မကွေးမြို့နယ်၊ ကံကော်တစ်ထောင်ဘုရားဝန်းအတွင်းရှိ နဂါးရုံဘုရားတွင် သောက်သုံးရေသွားရောက်လှူဒါန်းမှု

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက် တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၁၁-၅-၂၀၂၅ ရက်နေ့၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကံကော်တစ်ထောင်ဘုရားဝန်းအတွင်းရှိ နဂါးရုံဘုရားတွင် မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ရေဂါလန်(၁၄၅၀၀)အား သွားရောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော်၊ ဥပါတသန္တိစေတီတော်မြတ်ကြီးရှိ ဓာတ်လှေခါးပြိုကျ ပျက်စီးမှုအား ရှင်းလင်းဆောင်ရွက်



အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော်၊ ဥပါတသန္တိစေတီတော်မြတ်ကြီး မြောက်ဘက်မုဒ်တွင်ရှိသော ဓာတ်လှေခါးအတွင်း ပြိုကျပျက်စီးမှုအား နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် **48 meter hydraulic platform** ယာဉ်ဖြင့် ကူညီဖြုတ်သိမ်းခြင်းနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

### သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလ ရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းကမ်းဘေးများတွင်နေထိုင်သော ပြည်သူများသည် ရုတ်တရက်ရေကြီး ရေလျှံမှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသောရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့်လည်းကောင်း တိမ်းမှောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ **(Life Jackets)** များ ဆောင်ထားကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၁၁၅ ကြိမ် ဖြစ်ပွားခဲ့ပြီးမီးအမျိုးအစားအလိုက် မီးဖိုမီး ၁၁ ကြိမ်၊ ပေါ့ဆမီး ၃၁ ကြိမ်၊ အလိုအလျောက်မီး ၁ ကြိမ်၊ လျှပ်စစ်မီး ၃၉ ကြိမ်၊ မသမာသူရှို့မီး ၈ ကြိမ်၊ တောမီး ၂၂ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၃ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေ အဆောက်အဦ ၁၆၉ လုံးတွင် စက်ရုံ/အလုပ်ရုံ ၂ လုံး၊ ဂိုဒေါင် ၆ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၁၈ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ သေဆုံး ၅ ဦး၊ ဒဏ်ရာရ ၆ ဦး တိရစ္ဆာန် ၅၀၉ ကောင်ရှိခဲ့ပြီး ငွေကျပ် ၄၂၅ ဒသမ ၀၈၃ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ၄ လတာကာလအတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၇၇ ကြိမ်၊ ပေါ့ဆမီး ၁၅၄ ကြိမ်၊ အလိုအလျောက်မီး ၁၂ ကြိမ်၊ လျှပ်စစ်မီး ၁၄၅ ကြိမ်၊ မသမာသူရှို့မီး ၂၆ ကြိမ်၊ တောမီး ၁၂၈ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၃ ကြိမ်၊ မိုးကြိုးပစ် ၁ ကြိမ်၊ စုစုပေါင်း ၅၄၆ ကြိမ်ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၁၇၆၇ လုံးတွင် စက်ရုံ/အလုပ်ရုံ ၆ လုံး၊ ဂိုဒေါင် ၂၀ လုံးမီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၄၂၈၄ ဦးအိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၂၀ ဦးသေဆုံး၊ ၃၇ ဦး ဒဏ်ရာရရှိခဲ့ပြီး တိရစ္ဆာန် ၆၅၅၇ ကောင်သေဆုံးပြီး ငွေကျပ် ၅,၂၁၅ ဒသမ ၂၁၅ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် “မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး”များသည် အများဆုံး တွေ့ရှိရသောအချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှု များ မဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများ မထားကြရန်နှင့် အိုမင်းမစွမ်းသူများ၊ ကလေးငယ်များအားမီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံအကာအရံများထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည်ဖြစ်ပါသည်။ မီးလောင်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦး လုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေ့မြည့်နေသည့် လျှပ်စစ် ဝါယာကြိုးများလဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး **(Fuse)**များကို ဝန်နှင့်အား မျှတအောင် သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီး ပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အချက်များအပေါ် လိုက်နာခြင်းအားဖြင့် မီးဘေး ကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက “ပေါ့ဆမီး” ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေး အန္တရာယ်ကြောင့် လေပြင်းတိုက်ခတ်မှု ၄ ကြိမ်၊ ယာဉ်တိုက်မှု ၁၁ ကြိမ်၊ ယာဉ် တိမ်းမှောက်မှု ၃ ကြိမ်၊ ရေနစ်မြုပ်မှု ၃ ကြိမ်၊ မတော်တဆထိခိုက်မှု ၂ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၁၁ကြိမ်၊ ငလျင်လှုပ်ခတ်မှု ၄ ကြိမ်၊ တိရစ္ဆာန်ဖမ်းဆီးကယ်ဆယ်မှု ၇ ကြိမ်၊ ကူညီကယ်ဆယ်ရှင်းလင်းမှု ၂၄ ကြိမ်၊ စုစုပေါင်း ၆၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ဒုက္ခသည် ၃၇၈ ဦး ရှိခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှိ သန္ဓေမီးသတ် တပ်ဖွဲ့ဝင်အင်အား ၂၉၅၁ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၄၄၅ ဦး တို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးမှု ၂၈၃ ဦးနှင့် ဒဏ်ရာရရှိသူ ၆၇ ဦး တို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း

**မွန်ပြည်နယ်**

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်သန်းတိုး၏ လမ်းညွှန်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်သည့် ဦးသိန်းအောင်၊ ဦးလှိုင်ဦးနှင့် ဦးဝင်းတင် ဦးဆောင်သော ကော်မတီဝင်များသည် ၁၇-၄-၂၀၂၅ ရက်နေ့တွင် မော်လမြိုင်မြို့၊ ရွှေတောင်ကျောင်းတိုက် ဆရာတော်ထံမှ မြန်မာနှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားနာယူခြင်း၊ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ရာ စုစုပေါင်းလှူဒါန်းငွေ ၁၄၇,၀၀၀/-(ကျပ်တစ်သိန်းလေးသောင်းခုနစ်ထောင်တိတိ)လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။





**တနင်္သာရီတိုင်းဒေသကြီး**

၁၇-၄-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့်ဇနီး၊ ဝန်ထမ်းနှင့်မိသားစုဝင်များက အလိုတော်ပြည့်ကျောင်းမှ ဆရာတော် ဘဒ္ဒန္တသုမနပါ သံဃာတော်(၅)ပါးအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခဲ့ပြီး သံဃာတော်များအား တန်ဖိုး ၂၂၉,၂၀၀/-(ကျပ်နှစ်သိန်းနှစ်သောင်းကိုးထောင်နှစ်ရာတိတိ) နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ပဲခူးတိုင်းဒေသကြီး**

၉-၄-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညိုဝင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ဝန်ထမ်းနှင့်မိသားစုဝင်များ သက်သာချောင်ချိစေရန်ရည်ရွယ်၍ ဝန်ထမ်းတစ်ဦးလျှင် ၂၈,၃၀၀/-တန်ဖိုးရှိ ဆန်(၄)ပြည်၊ ဆီ(၅၀) ကျပ်သား၊ ကြက်သွန်နီ(၅၀) ကျပ်သားနှင့် ကြက်ဥ(၁၀)လုံးတို့ဖြင့် ဝန်ထမ်း(၉၂)ဦးအတွက် စုစုပေါင်း တန်ဖိုးငွေ ၂,၆၀၃,၆၀၀/-(ကျပ်နှစ်ဆယ့်ခြောက်သိန်းသုံးထောင်ခြောက်ရာတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။





**ရှမ်းပြည်နယ်**

၂၈-၄-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးယဉ်ကျော့မိုး၏ ဦးဆောင်မှုဖြင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်ရုံး ဝန်ထမ်း(၅၀)ဦးတို့အတွက် ဝန်ထမ်းတစ်ဦးလျှင် ဒေသဆန်(ရှမ်းဆန်)(၄)ပြည်အိတ်(၁)အိတ်နှင့် ပဲပိစပ်ဆီ(၅၀)ကျပ်သား(၁)ဘူး ထောက်ပံ့ပေးအပ်ခဲ့ရာ ဝန်ထမ်းတစ်ဦးလျှင် ၃၀,၅၀၀/-နှုန်းဖြင့် ဝန်ထမ်း(၅၀)ဦးအတွက် စုစုပေါင်းတန်ဖိုးငွေ ၁,၅၂၅,၀၀၀/-(ကျပ်တစ်ဆယ့်ငါးသိန်းနှစ်သောင်းငါးထောင်တိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




**ရန်ကုန်တိုင်းဒေသကြီး**

၃၁-၃-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းနှင့်မိသားစုဝင်များအား သက်သာချောင်ချိစေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ်၊ မတ်လအတွက် ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၂၅,၀၀၀/-(ကျပ်နှစ်သောင်းငါးထောင်တိတိ)နှုန်းဖြင့် ဝန်ထမ်း(၁၁၀)ဦးအတွက် စုစုပေါင်း ငွေကျပ် ၂,၇၅၀,၀၀၀/-(ကျပ်နှစ်ဆယ့်ခုနစ်သိန်းငါးသောင်းတိတိ) တန်ဖိုးရှိ ဆန်(၃)ပြည်နှင့် ဆီ(၅၀)ကျပ်သားစီအား ၃၁-၃-၂၀၂၅ ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## စုပေါင်းသွေးလှူဒါန်း

၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းလှောင်ဇကြောင့် အချို့တိုင်းဒေသကြီး/ပြည်နယ်များတွင် လူများထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး အရေးပေါ်သွေးများသွင်းရန် လိုအပ်လျက်ရှိသည့်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင်၏လမ်းညွှန်မှုဖြင့် ၂၉-၃-၂၀၂၅ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးရုံးဝန်ထမ်းများမှ မကွေးမြို့၊ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိပါသည်။



## အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်

၁၇-၄-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးအောင်မင်းဦး၏ ဦးဆောင်မှုဖြင့် ပြည်နယ်ရုံးဓမ္မာရုံ၌ ဆေးဝက်ဘာကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တခန္တီစာရ အမှူးပြုသော သံဃာတော်(၅)ပါးတို့အား အချိုရည်နှင့် လှူဖွယ်ပစ္စည်းတန်ဖိုးငွေ ၃၀၀,၀၀၀ိ/-(ကျပ်သုံးသိန်းတိတိ)ဆက်ကပ်လှူဒါန်းခြင်းနှင့် အန္တရာယ်ကင်းပရိတ် တရားတော်ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

၂၀-၃-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်၏လမ်းညွှန်မှုဖြင့် စည်းရုံးရေးကော်မတီအဖွဲ့ဝင်များသည် နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကချင်ပြည်နယ် အစိုးရအဖွဲ့ စုပေါင်းသွေးလှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## ဂုဏ်ပြုနှုတ်ဆက်လက်ဆောင် ပေးအပ်

၂၅-၄-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညို၀င်း၏ ဦးဆောင်မှုဖြင့် ပဲခူးတိုင်းဒေသကြီးရုံးဝန်ထမ်းများက သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ခံစားခွင့်(၄)လ ခံစားမည့် ဦးစီးအရာရှိ(စုံစမ်းရေး)ဒေါ်ခင်စန်းဝင်းအား ဂုဏ်ပြုနှုတ်ဆက်လက်ဆောင် ပစ္စည်းများနှင့် ငွေသား ၉၀၀,၀၀၀ိ/-(ကျပ်ကိုးသိန်းတိတိ)ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ဝတ္ထုငွေများ လောင်းလှူ



၁၂-၄-၂၀၂၅ ရက်နေ့က ပဲခူးမြို့၊ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၂၆၀၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အား ရွှေမော်ဓောစေတီတော်မြတ်ကြီးရင်ပြင်တော်၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပပြုလုပ်ခဲ့ရာ ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပွဲအခမ်းအနားကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညို၀င်း၊ ဇနီး ဒေါ်ဝါဝါလွင်နှင့် ကော်မတီဝင်များက ဘုရားအမှူးရှိသော သံဃာတော်(၅၅၀)ပါးတို့အား ဝတ္ထုငွေ ၈၂၅,၀၀၀ိ/-(ကျပ်ရှစ်သိန်းနှစ်သောင်းငါးထောင်တိတိ)အား လောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။

## စုပေါင်းသန့်ရှင်းရေးပြုလုပ်




၁၇-၄-၂၀၂၅ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မကွေးမြို့၊ မြသလွန်စေတီတော်၌ ဌာနဆိုင်ရာများပူးပေါင်း၍ သန့်ရှင်းရေးပြုလုပ်ခဲ့ရာ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင်၏ လမ်းညွှန်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ဦးဆောင်သည့် ဝန်ထမ်းများနှင့် ပူးပေါင်း၍ သန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြင်ပကျန်းမာရေးအဖွဲ့များမှ ကျန်းမာရေးစောင့်ရှောက်ကုသပေး




အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းအသီးသီးမှ ကျန်းမာရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေး ကုသပေးလျက်ရှိရာ ရခိုင်ပြည်နယ် ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ စစ်တွေအကျဉ်းထောင် သို့ ၂-၅-၂၀၂၅ ရက်နေ့တွင် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ကြည်လွင်ပါ ၅ ဦးအဖွဲ့သည် အကျဉ်းထောင်သို့လာရောက်၍ အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံတက်ရောက်ကုသ ရန်နှင့်ပြသရန် လိုအပ်သောလူနာများအတွက် အကျဉ်းထောင် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝန်ထမ်းနှင့်မိသားစုများအား စားသုံးကုန်များထောက်ပံ့

အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းနှင့် မိသားစုဝင်များ၏ စားဝတ်နေရေး အထောက်အကူဖြစ်စေရန်အတွက် ၂၃-၄-၂၀၂၅ ရက်နေ့တွင် ဝန်ထမ်းတစ်ဦးလျှင် ကြက်ဥ ၁၀ လုံးနှုန်းဖြင့် ဝန်ထမ်း ၃၆၃ ဦး အတွက် ကြက်ဥ ၃၆၃၀ လုံးနှင့် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် (၆၆၆)ကြိမ်မြောက်တရားပွဲ ကျင်းပပြုလုပ်



ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား/သူများ စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့လာစေရေးအတွက် ဘာသာရေးနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိရာ ၄-၅-၂၀၂၅ ရက်နေ့ ၀၈ ၃၀ အချိန်ခန့်၌ (၆၆၆)ကြိမ်မြောက် အပတ်စဉ်တရားပွဲအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တသုမနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)သထုံဆရာတော်မှ ကြွရောက်၍ လောကီလောကုတ္တရာ နှစ်ဖြာအကျိုးရရှိစေခြင်းနှင့် လောဘ၊ ဒေါသ၊ မောဟကင်းစင်စေခြင်း အလို့ငှာ **"လောကမှာဘယ်သူ့ကိုအချစ်ဆုံးလဲ"** တရားတော်အား ဟောကြားချီးမြှင့်ပေးခဲ့ပါသည်။ အခမ်းအနားသို့ အကျဉ်းထောင် အရာထမ်း/အမှုထမ်းများနှင့် အကျဉ်းသား၊ အချုပ်သားစုစုပေါင်းအင်အား ၄၀၀ ဦးတို့ တက်ရောက်ခဲ့ပြီး ငါးပါးသီလ ခံယူခြင်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်အစရှိသည့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မ အလှူတော်ငွေများ လှူဒါန်းခြင်းနှင့် ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## "အ" သုံးလုံးသင်တန်း ဖွင့်လှစ်သင်ကြား






အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော စာမတတ်မြောက်သူ အကျဉ်းသား/သူများသည် ပြင်ပနယ်ပယ်သို့ ရောက်ရှိပါက စာပေမတတ်မြောက်မှုကြောင့် စိတ်အားငယ်မှုမရှိစေရန် အတွက် လူမှုပတ်ဝန်းကျင်တွင် လူတန်းစေ့နေနိုင်စေရန်ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မွန်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မော်လမြိုင်အချုပ်ထောင်တွင် **"အ"**သုံးလုံးသင်တန်းအမှတ်စဉ်(၁/၂၀၂၅)အား စာမတတ်သူအကျဉ်းသား ၄၀ ဦး၊ အကျဉ်းသူ ၉ ဦး၊ အချုပ်သူ ၁ ဦး၊ စုစုပေါင်း ၅၀ ဦးတို့အား အကျဉ်းသားကျောင်းဆရာ ၄ ဦးနှင့် အကျဉ်းသူ ကျောင်းဆရာမ ၂ ဦးတို့မှ ၁၂-၅-၂၀၂၅ ရက်နေ့မှ ၁-၈-၂၀၂၅ ရက်နေ့အထိရက်သတ္တ(၁၂)ပတ်ကြာဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသတင်းရရှိပါသည်။

## ပြင်ပသမားတော်နှင့်အဖွဲ့မှ ကျန်းမာရေးစစ်ဆေးကုသစောင့်ရှောက်ပေး



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းအသီးသီးမှ ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ကော့သောင်းအကျဉ်းထောင်သို့ ၈-၅-၂၀၂၅ ရက်နေ့တွင် အမှတ်(၁၃) တပ်မတော်ဆေးရုံ(ခုတင် ၁၀၀)မှ တပ်မှူး ဗိုလ်မှူး ကျော်မင်းစိုးပါ ၄ ဦးတို့သည် ကော့သောင်း အကျဉ်းထောင်သို့ လာရောက်၍အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ရောဂါစမ်းသပ်စစ်ဆေးမှုများပြုလုပ်ခြင်း၊ ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအားကန်တော့ပွဲ အခမ်းအနားများကျင်းပ




ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့၊ ၁၇-၄-၂၀၂၅ ရက်နေ့၊ ၀၇ ၃၀ အချိန်တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိမင်္ဂလာကန်တော်၌ ကျင်းပပြုလုပ်ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော် နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး နှင့် ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များတက်ရောက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နှင့် ဇနီးတို့ ဦးဆောင်ကာ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်းနှင့် ငါးခုံးမအပါအဝင် စုစုပေါင်းငါးအကောင်ရေ ၃၀၀၀ အား မင်္ဂလာကန်တော်အတွင်းသို့ ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလွှတ်ပေးခဲ့ပါသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့ သက်ကြီးဘိုးဘွားများအားကန်တော့ပွဲအခမ်းအနားကို ၀၉၀၀ အချိန်တွင် နေပြည်တော်၊ ရုံးအမှတ်(၈)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော် နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး နှင့် ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ အတူနေမိသားစုဝင် အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွား ၈၆ ဦးတို့အနက် အခမ်းအနားသို့ တက်ရောက်နိုင်သူ အဘိုး ၁၀ ဦး၊ အဘွား ၁၀ ဦး စုစုပေါင်း အဘိုးအဘွား ၂၀ ဦးတို့အား ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နှင့် ဇနီးတို့ကဦးဆောင်ကာ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ နှစ်သစ်ကူးကန်တော့ပစ္စည်းများဖြင့် ပေးအပ်လှူဒါန်းကန်တော့ခဲ့ကြပြီး ကန်တော့ခံအဘိုးအဘွားများကိုယ်စား အဘွားတစ်ဦးက ဆုတောင်းမေတ္တာစကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်...မှ

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံအရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့်ပြည်သူများ၏ လိုအပ်ချက်များကို ဥပဒေနှင့်အညီ စေတနာထားဆောင်ရွက်ပေးပြီး မိမိတာဝန်ကျရာနယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်တပ်တစ်အား ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့်ရင်ဆိုင်ရပါက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခြင်းများအပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှကို စစ်မှန်သည့်စိတ်ရင်းစေတနာမှန်ဖြင့် လုပ်ဆောင်ပေးကြရမှာဖြစ်သလို သဘာဝဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် ဖြစ်ပေါ်တတ်သောမှုခင်းများကိုလေ့လာပြီး မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြည့်ဝထက်မြက်နေစေရန်အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ရဲလုပ်ငန်းစနစ်များ၊ စစ်နည်းဗျူဟာများနှင့် စစ်အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာနေရမည်ဖြစ်ကြောင်း၊ ဆန်းသစ်ပြောင်းလဲတိုးတက်မှုနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန်နှင့် အသစ်သစ်သော ပညာရပ်များကို လေ့လာနိုင်ရန် အင်္ဂလိပ်ဘာသာစကားအပါအဝင် အခြားဘာသာစကားများ၊ ကွန်ပျူတာ၊ အင်တာနက်နည်းပညာဆိုင်ရာ ပညာရပ်များကိုလည်း ပိုမိုတိုးတက်ကျွမ်းကျင်အောင် စဉ်ဆက်မပြတ် လေ့လာသွားကြရန်လိုအပ်ကြောင်း၊ အမျိုးသမီးရဲအရာရှိများအနေဖြင့်လည်း လေ့ကျင့်သင်ကြား ပျိုးထောင်ပေးလိုက်သည့် ပညာရပ်များကို အခြေခံပြီး မိမိတို့ရောက်ရှိတာဝန်ထမ်းဆောင်ကြရမည့် ဒေသအသီးသီးတွင် လက်တွေ့ဘဝနှင့် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် တိုက်တွန်းပြောကြားခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဇဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၂၁) ရဲသိဟတပ်ခွဲတွင် တပ်ဖွဲ့တွင်းမှ ဘွဲ့ရအမျိုးသား ၁၉၈ ဦး၊ အမျိုးသမီး ၁၂၉ ဦး စုစုပေါင်း ၃၂၇ ဦးတို့ကို လေ့ကျင့်သင်ကြား၍ သင်တန်းဆင်းပေးခဲ့ကြောင်းနှင့် ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားအား ဇဟိုခန်းမ၌ကျင်းပပြုလုပ်ရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်း ဒုတိယရဲအုပ်လောင်းများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

## မြင်းခြံဗဟိုအကျဉ်းထောင်တွင် ဆံသသင်တန်း ဖွင့်လှစ်သင်ကြား



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများအား ပြစ်ဒဏ်မှလွတ်မြောက်သွားသောအခါ အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုခု တတ်မြောက်သွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြင်းခြံဗဟိုအကျဉ်းထောင်တွင် "ဆံသ" သင်တန်းအမှတ်စဉ်(၃/၂၀၂၅)အား သင်တန်းသား အကျဉ်းသား ၂၀ ဦးဖြင့် ၅-၅-၂၀၂၅ ရက်နေ့မှ ၁၃-၆-၂၀၂၅ ရက်နေ့အထိ ရက်သတ္တ(၆)ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲအား ကြည့်ရှုအားပေး



၂၇-၃-၂၀၂၅ ရက်နေ့တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ ၂၀-၃-၂၀၂၅ ရက်နေ့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ ဂုဏ်ပြုသွေးလှူဒါန်းခြင်းများအား ယင်းနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီးများ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့အသီးသီးမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၁၈၂ ဦးတို့က တစ်ချိန်တည်းဂုဏ်ပြု သွေးလှူဒါန်းခဲ့ကြသည်။

အဆိုပါဆေးရုံကြီးများ၌ ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်(၁)နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာ မိုးခိုင်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ် အောင်မြတ်ကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ သွေးလှူရှင်များအား အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ဆေးရုံဝန်ထမ်းများနှင့် ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများအတွက် အလှူငွေ သိန်း ၅၀ ကျပ် ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၁၈၂ ဦးတို့က စုပေါင်း သွေးလှူဒါန်းခဲ့ကြပြီး မတ်လ ၂၁ ရက်နေ့တွင်လည်း နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၁၁၁ ဦးတို့က ဆက်လက်ဂုဏ်ပြုသွေးလှူဒါန်းကြမည်ဖြစ်ရာ ဆေးရုံကြီး ၂ ခုတွင် စုစုပေါင်း သွေးလှူဒါန်းသူ ၂၉၃ ဦးရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ



ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၏ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ၅-၅-၂၀၂၅ ရက်နေ့၊ ၀၉ ၀၀အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ပြည်သူလူထု မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးသီချင်းဖြစ်သည့် "မီးသတိပြု"သီချင်းအား သီဆိုခဲ့သူအဆိုတော် ဦးထွန်းရွှေ၊ မီးသတ်လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် အသက်(၉၀) နှစ်အထက် သန္ဓေ/အရန်မီးသတ် တပ်ဖွဲ့ဝင်(၂)ဦး၊ ရဲသူရတံဆိပ်ရရှိသူ သန္ဓေတပ်ဖွဲ့ဝင်(၂)ဦးတို့အား ဆုများပေးအပ်ချီးမြှင့် အပ်နှင်းခဲ့ပါသည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မီးသတ်စွမ်းရည် သရုပ်ပြသခြင်းအစီအစဉ်များအား ကြည့်ရှုအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး မီးသတ်ပစ္စည်းကိရိယာပြခန်းနှင့် လေ့ကျင့်ရေးကွင်းအတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းနှင့်ခေတ်မီ မီးသတ်ယာဉ်/စက်၊ ပစ္စည်းကိရိယာများနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများခင်းကျင်းပြသမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မီးသတ်ဝန်ထမ်းဟောင်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။